# မေ့ရင်သွေး

လင်းခန့်



# မေ့ရင်သွေး

## Rosemary's Baby by Ira Levin

## လင်းခန့် (မြန်မာပြန်)

### မိတ်ဆက်

စာရေးဆရာကြီး အီရာလီဗင်းကို စာဖတ်ပရိသတ်များ စိမ်းလိမ့်မည် မထင်ပါ။ သူ၏ A Kiss Before Dying ကို ဆရာတင်မောင်မြင့်က 'ငွေတစ်မူးဖြင့် သိုက်တူးသူ' အမည်ဖြင့် ဘာသာပြန်ဆိုခဲ့သလို The Boys from Brazil ကို ဆရာမြတ်ငြိမ်းက 'ဟစ်တလာကို ပြန်လည် မွေးဖွားသူ' အမည်ဖြင့် ဘာသာပြန်ဆိုခဲ့ဖူးပါသည်။

အီရာလီဗင်းကို ၁၉၂၉ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့၌ နယူးယောက်မြို့တွင် မွေးဖွားခဲ့သည်။ ဖခင်မှာ အရုပ်များ တင်ပို့ ရောင်းချခြင်းသည့် လုပ်ငန်းကို လုပ်ကိုင်ခဲ့ပြီး သားဖြစ်သူကို သူ့ခြေရာ နင်းလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ သို့သော် သူ့အသက် ၁၅ နှစ်အရွယ်မှာပင် စာရေးခြင်းဖြင့် အသက်မွေးရန် ဆုံးဖြတ်ကာ နယူးယောက် တက္ကသိုလ်၌ အကြီးတန်း တက်နေစဉ် အန်ဘီစီမှ ကျင်းပသော ဇာတ်ညွှန်းရေး ပြိုင်ပွဲတွင် ဝင်ပြိုင်ရာ ဒုတိယဆု ရရှိခဲ့လေသည်။ ၁၉၅၀ ခုနှစ်တွင် ဘွဲ့ရပြီးနောက် တီဗီ

ဇာတ်လမ်းများ စတင်ရေးသားခဲ့သည်။ ၁၉၅၃ ခုနစ်တွင် သူ၏ ပထမဆုံး ဝတ္ထု A Kiss Before Dying ထွက်လာသောအခါ ချက်ချင်းပင် နာမည်ကျော်သွားပြီး အဂ္ဂါအလန်ပိုး စာပေဆုကို ဆွတ်ခူး ရရှိသွားသည်။ ထို ဝတ္ထုကို ၁၉၅၆ ခုနစ်တွင် တစ်ကြိမ်၊ ၁၉၉၁ ခုနစ်တွင် တစ်ကြိမ် ရုပ်ရှင် ပြန်ရိုက်သည်။ ထို့နောက် ပြဇာတ်များ ဆက်လက် ရေးသားရင်း ၁၉၆၇ ခုနစ်တွင် ဒုတိယမြောက် လုံးချင်း Rosemary's Baby ကို ထုတ်ဝေခဲ့သည်။

Rosemary's Baby သည် ထိုခေတ်က ထိတ်လန့် ချောက်ချားဖွယ် ဝတ္ထုလောကတွင် တစ်ဟုန်ထိုး ကျော်ကြား၍ အရောင်းရဆုံး စာအုပ်များ၌ ထိပ်ဆုံးမှ ဗိုလ်စွဲကာ စောင်ရေ လေးသန်းကျော် ရောင်းချခဲ့ရသလို ရုပ်ရှင်အနေဖြင့်လည်း ထူးချွန်ဆုပေါင်းများစွာ ဆွတ်ခူးခဲ့သည်။ အမေရိကန် ရုပ်ရှင်တက္ကသိုလ် (AFI) မှ ရွေးချယ်သော ၁၉၂၃ မှ ၁၉၉၉ ခုနစ်အတွင်း ထိတ်လန့် ချောက်ချားဖွယ် အကောင်းဆုံး ရုပ်ရှင် ၁၀၀ စာရင်း၌ နံပါတ် ၉ ချိတ်ရုံသာမက စာရေးဆရာ စတီဗင်ရှနိုက်ဒါး ပြုစုသည့် မသေခင် ကြည့်ကို ကြည့်သင့်သည့် ရုပ်ရှင် ၁၀၀၁ ကားတွင် ပါဝင်ခဲ့လေသည်။ ၁၉၆၈ ခုနစ်တွင် ဒါရိုက်တာ ရိုမန်ပိုလန်စကီက မင်းသမီး မီရာဖာရိုးနှင့် ရုပ်ရှင်ရိုက်ခဲ့ရာ ရွှေကမ္ဘာလုံးဆု(ဇာတ်ဆောင်မင်းသမီး)နှင့် အော်စကာဆု(ဇာတ်ပို့မင်းသမီး)ကို ရရှိခဲ့သည်။ ရုပ်ရှင်ရိုက်ကူးရာ၌ စာအုပ်ပါ သမိုင်းဝင် အချက်အလက်များကို အတိအကျနီးပါး ထည့်သွင်း ပုံဖော်ခဲ့သောကြောင့် ၂၀၁၄ ခုနစ်တွင် အမျိုးသားရုပ်ရှင် စိစစ် ရွေးချယ်ရေးအဖွဲ့က ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ အထောက်အထားများအရ တန်ဖိုးထား ထိန်းသိမ်းရမည့် ရုပ်ရှင်အဖြစ် ရွေးချယ်ခဲ့လေသည်။ ၂၀၀၄ ခုနစ်တွင် အန်ဘီစီ ရုပ်သံမှ အပိုင်းနှစ်ပိုင်းတည်းသာ ပါသော Mini Series အဖြစ် ရိုက်ကူး၍ အမေနေ့ (Mother's Day) တွင် ထုတ်လွှင့်ပြသခဲ့လေသည်။

အိရာလီဗင်းသည် ပထမဆုံးဝတ္ထုကို အသက် ၂၂ အရွယ်တွင် ရေးသားခဲ့သည်။ သူ၏ ပြဇာတ်တစ်ပုဒ် ဖြစ်သော No Time for Sergeants ကို ဘရော့ဒ်ဝေး ပြဇာတ်ရုံကြီးတွင် ၁၉၅၅ ခုနစ်မှ ၁၉၅၇ ခုနစ်အထိ အကြိမ်ပေါင်း ၇၉၆ ကြိမ်မျှ ကပြခဲ့ရသည်။ ပြဇာတ်လောကတွင် ၁၄ နှစ်မျှ ကျင်လည်ရင်း ဒုတိယမြောက် ဝတ္ထုရှည် Rosemary's Baby ကို ရေးသားခဲ့သည်။ ထိုစဉ်က သူ၏ ပထမဆုံး ဇနီးသည် ကိုယ်ဝန် ရှိလာသည်ကို ကြည့်၍ ဤဝတ္ထုကို ရေးရန် စိတ်ကူးရလာခြင်း ဖြစ်သည်။

ဇာတ်လမ်းတည်သော အချိန်ကား ၁၉၆၅-၆၆ ခုနစ် ဖြစ်သည်။ အပြင်လောကရှိ အဖြစ်အပျက်များနှင့် ကိုက်ညီမှု ရှိစေရန် ၁၉၆၆ ခုနစ်၊ ဇွန်လ ၂၅ ရက်မှ နောက်သို့ ပြန်ရေတွက်ကာ ၄င်းအချိန်အတွင်း မက်ဟက်တန်မြို့၌ ဖြစ်ပွားခဲ့သော ထင်ရှားသည့် အဖြစ်အပျက်များနှင့် အချက်အလက်များအား ထည့်သွင်းနိုင်ရန် ထိုစဉ်က ထုတ်ဝေခဲ့သော သတင်းစာများကို စုဆောင်း၍ ဖတ်ရှုလေ့လာသည်။ ၄င်းတို့အနက် ၁၉၆၅ ခုနစ် အောက်တိုဘာလ ၅ ရက်နေ့၌ နယူးယောက်မြို့သို့ ပုပ်ရဟန်းမင်းကြီး ပေါလ် အလည်အပတ် လာရောက်ခြင်း ကဲ့သို့သော သတင်းများ ပါဝင်သည်။ ဝတ္ထုထဲရှိ မယုံနိုင်စရာ အဖြစ်အပျက်များအား ယုံကြည်နိုင်လောက်အောင် ဖန်တီးရန် ချိစ်နှင့် နွတ်သီးရှည် ဓားသွားငါး ဝယ်ယူသည့် နေရာကအစ အသေးစိတ် လေ့လာ၍ ထည့်ရေးခဲ့လေသည်။ ဇာတ်လမ်း တစ်လျှောက် ဘာမှမဟုတ်သည့် အရာဝတ္ထုနှင့် အဖြစ်အပျက်လေးများက နောက်ပိုင်းတွင် မထင်မှတ်စရာ လှည့်ကွက်များအဖြစ် ပရိသတ်၏ အာရုံကို ဖမ်းစားသွားနိုင်သည်ကပင် သူ၏ ထူးခြား ပြောင်မြောက်သော အရည်အချင်း ဖြစ်လေသည်။

အိရာလီဗင်းသည် ထူးခြားသော စာရေးဆရာကြီး ဖြစ်သည်။ သူ့

တစ်သက်တာတွင် တေးသံစုံ ပြဇာတ်တစ်ပုဒ် အပါအဝင် ပြဇာတ် ၁၀ ပုဒ်နှင့် ဝတ္ထုရှည် ၇ အုပ်သာ ရေးသားခဲ့သော်လည်း သည်းထိတ်ရင်ဖို၊ သိပ္ပံ ဆန်းကြယ်၊ ထိတ်လန့် ချောက်ချားဖွယ် စသဖြင့် အမျိုးအစား စုံလင်လှသည်။ သူ၏ ပြဇာတ်နှင့် ဝတ္ထုများကို အခြေခံ၍ ရုပ်ရှင် ၁၁ ကားတိတိ ရိုက်ကူးခဲ့ရသည်။ Rosemary's Baby ဝတ္ထုကို ၂၀၁၇ ခုနှစ်၊ မေလတွင် နှစ်ငါးဆယ်မြောက် အထိမ်းအမှတ်အဖြစ် ပြန်လည် ထုတ်ဝေခဲ့သည်။ ဤဝတ္ထုကို ခေတ်ပြိုင် စာရေးဆရာကြီး ထရူးမင်းကပို့တ်က 'စာဖတ်သူအား မရှိကို အရှိဟု မြင်ယောင်လာစေသည့် ထူးခြား ဆန်းကြယ်၍ ထိတ်လန့်ချောက်ချားဖွယ် ကောင်းသော ခေတ်သစ်စုန်းကဝေ ဒဏ္ဍာရီတစ်ပုဒ်' ဟု ဆိုခဲ့လေသည်။ (စာရေးဆရာကြီး ထရူးမင်းကပို့တ်၏ In Cold Blood ကို ဆရာတင်မောင်မြင့်က 'သွေးအေးအေးဖြင့်' အမည်ဖြင့် ဘာသာပြန်ခဲ့သည်။ စကားချပ်)

၁၉၉၆ ခုနှစ်တွင် အီရာလီဗင်းကို ထိတ်လန့်သည်းဖို စာရေးဆရာများ အသင်းက ဘရမ်စတုတ်ကာ တစ်သက်တာ စာပေဆု ချီးမြှင့်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အမေရိကန် လျှို့ဝှက်သည်းဖို စာရေးဆရာများ အသင်းက ဂုဏ်ထူးဆောင် ထူးချွန်ဆု ထပ်မံ ချီးမြှင့်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် သူ၏ The Boys from Brazil (ဆရာမြတ်ငြိမ်း ပြန်ဆိုပြီး) ကို မဖတ်မဖြစ် လျှို့ဝှက်သည်းဖို ဝတ္ထု ၁၀၀ စာရင်း၌ ထည့်သွင်းခဲ့သည်။ အသက် ၇၈ နှစ်အရွယ် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကွယ်လွန်သည်။

***

အခန်း (၁)

ဘရမ်းဖို့ထ် တိုက်ခန်းတွဲကြီး၌ အခန်းလေးခန်းပါ တိုက်ခန်း တစ်နေရာ ရပြီဟု မစ္စက်ကောတက်ဇ် လှမ်းပြောတော့ ရှိစ်မေရီနှင့် ဂိုင်းဝုဒ်ဟောက်စ်တို့မှာ ပထမ လမ်းသွယ်ရှိ အခန်းငါးခန်းပါ တိုက်ခံအိမ်တစ်လုံးကို အငှားစာချုပ် ချုပ်ပြီးနေပြီ။ အမည်းရောင် ဘရမ်းဖို့ထ် အဆောက်အဦးကြီးသည် ဝိတိုရိယ ခေတ်ပုံစံလက်ရာကို အသေးစိတ် ဆောက်လုပ်ထားသောကြောင့် တိုက်အဟောင်းကြီးပင် ဖြစ်လင့်ကစား ထုထည် ကြီးမားလှသည်။ လှပမြင့်မားသော မျက်နှာကျက်များ၊ ထည်ဝါခန့်ညားသော မီးလင်းဖိုများကြောင့်လည်း လူအများက အလွန် တန်ဖိုးထားကြသည်။ ထိုတိုက်ခန်းကြီးမှာ နေရဖို့ ရှိစ်မေရီနှင့် ဂိုင်းတို့ခမျာ အိမ်ထောင်ကျပြီး ကတည်းက စောင့်နေခဲ့ရပြီး နောက်ဆုံး၌ လက်လျှော့လိုက်ကြတာ ဖြစ်သည်။ သို့သော် လက်လွှတ်လိုက်ပြီးခါမှ အခွင့်အရေးက ဆိုင်းမဆင့်ဘုံမဆင့် ရောက်ချလာသည်။

ဂိုင်းက တယ်လီဖုန်းကို ရင်ဘတ်မှာ ကပ်ကာ မစ္စက်ကောတက်ဇ်၏ သတင်းကို လက်ဆင့်ကမ်းတော့ ရှိစ်မေရီခမျာ ငိုချမိတော့မလို မျက်စိမျက်နှာပျက်ကာ

"ဟောတော်...ဒုက္ခပါပဲ" ဟု ညည်းတွားမိသည်။ ဂိုင်းက ဖုန်းခွက်ကို ပြန်ကိုင်ကာ

"သိပ်နောက်ကျသွားပြီဗျာ။ ကျွန်တော်တို့ မနေ့ကတင် အိမ်ငှားစာချုပ် ချုပ်လိုက်ပြီ" ဟု တစ်ဖက်ကို ပြောလိုက်သည်။ ရှိစ်မေရီက သူ့လက်ကို လှမ်းဆွဲကာ

"မေတို့ ဒီအတိုင်း လက်လွှတ်လိုက်တော့မှာလား။ မယုတ်မလွန် ပြောထားလိုက်ရင် ကောင်းမလား" ဟု ဆိုသည်။ ဂိုင်းက

"ခဏလေး ကိုင်ထားပါဦးနော် မစ္စက်ကောတက်ဇ်၊ ရတယ်မဟုတ်

လား" ဟု ပြောကာ ဖုန်းခွက်ကို ရင်ဘတ်မှာ အပ်ရင်း ရှိစ်မေရီဘက် လှည့်ကာ

"ဘာပြောရမှာလဲ" ဟု မေးသည်။

ရှိစ်မေရီက ဖင်ကုတ်ခေါင်းကုတ်ဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"မသိဘူးလေ၊ အမှန်အတိုင်း ပြောမှာလား။ ဘရမ်းဖို့ထ်မှာ နေဖို့ အခွင့်အရေး ရနေပြီကို"

"အချစ်ရယ်...။ အမှန်အတိုင်း ပြောလည်း သူတို့က ဂရုစိုက်မှာ ကျလို့"

"ကိုကိုလည်း တစ်ခုခု စဉ်းစားကြည့်မှပေ့ါ။ လာကြည့်ကြည့်မယ်လေလို့ ပြောရင်ကော။ လာကြည့်မယ်လို့သာ ပြောလိုက်...နော်။ လုပ်...လုပ်၊ ဖုန်းချသွားဦးမယ်"

"ကိုယ်တို့ ဒီဘက်မှာ စာချုပ် ချုပ်ပြီးနေပြီလေ မေရဲ့။ တော်ကြာ ခက်ကုန်ပါ့မယ်"

"ခုနကအတိုင်းသာ ပြောလိုက်ပါရှင်။ သူ ဖုန်းကိုင်ထားတုန်း ထင်တယ်"

ရှိစ်မေရီက ကတုန်ကယင်ဖြင့် ဂိုင်းရင်ဘတ်မှာ ကပ်ထားသော ဖုန်းခွက်ကို ဆွဲယူကာ ပါးစပ်နား တေ့ပေးသည်။ ဂိုင်းက ရယ်မောကာ ဖုန်းခွက်နား ကပ်၍

"မစ္စက်ကောတက်ဇ်ရေ...။ စာချုပ်က တကယ်တော့ လက်မှတ် မထိုးရသေးဘူးဗျ။ ဖောင်စာရွက် ကုန်နေလို့ သဘောတူညီမှု စာချုပ်ပဲ လက်မှတ်ထိုးခဲ့တာ။ အခန်းကို တစ်ချက်လောက် လာကြည့်လို့ ရမလား" ဟု မေးလိုက်သည်။

မစ္စက်ကောတက်ဇ်က ဘရမ်းဖို့ထ်သို့ ဆယ့်တစ်နာရီနှင့် ဆယ့်တစ်နာရီခွဲကြား လာခဲ့ပါရန် ညွှန်ကြားသည်။ ထိုနေရာတွင် သူမ၏

လုပ်ဖော်ကိုင်ဖက်ဖြစ်သူ မစ္စတာမစ်ကလပ် သို့မဟုတ် ဂျရမ်းဆိုသူကို ရှာရမည်။ သူတို့က ခုနစ်လွှာရှိ အခန်းနံပါတ် အီးသို့ လိုက်ပြပြီး သူမအား ဖုန်းလှမ်းဆက်လိမ့်မည်ဟု ဆိုသည်။ မစ္စက်ကောတက်ဇ်က ဂိုင်းအား သူမ၏ ဖုန်းနံပါတ် ပေးသွားသည်။

ရှိစ်မေရီက အဝါရောင် ရှူးဖိနပ်ကို စီးနေရင်း

"ဒီလိုပြောဖို့ ကိုကို ဘယ်လိုများ စဉ်းစားမိပါလိမ့်။ လိမ်ပြောတဲ့ နေရာမှာတော့ ဆရာကြီးနော်" ဟု ပြောသည်။ မှန်ကြည့်နေသော ဂိုင်းက သူမစကားကို သတိထားမိပုံ မရဘဲ

"ဘုရားရေ...။ ဝက်ခြံ တစ်လုံး ထွက်နေပါလား" ဟု ပြောသည်။

"သွားမည့စ်နဲ့"

"အခန်းက လေးခန်းပဲ ပါတာနော်။ ကလေးဆော့ဖို့ အခန်း မပါဘူး သိတယ် မဟုတ်လား"

"ဘရမ်းဖို့ထ်မှာ လေးခန်းပါတာကို ဟိုအိမ်မှာ ငါးခန်း ပါတာထက် ပိုကြိုက်တယ်"

"မနေ့ကတော့ မေပဲ သဘောကျလှချည်ရဲ့ဆို"

"သဘောကျတာနဲ့ပဲ မျက်စိမှိတ် ကြိုက်လိုက်ရမှာလား ရှင်ရဲ့။ ဆောက်တဲ့သူတောင် သူ့ဟာသူ ကြိုက်တယ် မကြိုက်ဘူး လောင်းလိုက်ချင်သေး။ ကလေးဆော့ဖို့ တစ်ခန်း ထွက်လာအောင် နောင်ကျရင် ထမင်းစားပွဲဝိုင်းနေရာကို ဧည့်ခန်းထဲမှာ လုပ်လိုက်မှာပေါ့"

"မကြာခင် လုပ်ရမှာပါ"

ဂိုင်းက မျက်လုံး ညိုကြီးများဖြင့် မှန်ထဲသို့ ကြည့်ရင်း အပေါ် နှုတ်ခမ်းပေါ်ကို လျှပ်စစ် မုတ်ဆိတ်ရိတ်စက်ဖြင့် ရှေ့တိုးနောက်ငင် ဆွဲနေသည်။ ရှိစ်မေရီ

က အဝါရောင် ဝတ်စုံကို လွှမ်းခြုံ၍ နောက်ကျောမှ အင်္ကျီဇစ်ကို အပေါ်ဆွဲတင်သည်။ အခုလောလောဆယ် သူတို့ရှိနေရာက ဂိုင်း၏လူပျိုဆောင်ထဲက အခန်း တစ်ခုထဲမှာ ဖြစ်သည်။ အခန်းထဲမှာ ပဲရစ်နှင့် ဗီရိုနာမြို့ ပိုစတာများ ကပ်ထားသည်။ နှစ်ယောက်အိပ် ခုတင်ကြီး တစ်လုံးနှင့် မီးဖိုချောင်က လည်း ဤအခန်းထဲမှာပဲ ဖြစ်သည်။

ပြီးတော့ ထိုနေ့က ဩဂုတ်လ ၃ ရက်၊ အင်္ဂါနေ့ ဖြစ်သည်။

***

မစ္စတာမစ်ကလပ်သည် လူကောင် သေးသေးကျစ်ကျစ်ဖြစ်ပြီး လက်နှစ်ဖက်လုံးရှိ လက်ချောင်းကလေးများ တိုဝင်နေသဖြင့် သူ့ကို လက်ဆွဲနှုတ်ဆက်ရတာ အားနာစရာ ကောင်းလှသည်။ သို့သော် သူကတော့ ဘယ်လိုမှ နေပုံမရ။ မစ္စတာမစ်ကလပ်က ဓာတ်လှေကား အဝမှာ ရပ်၍ ခလုတ်ကို လက်ခလယ်ဖြင့် နှိပ်ရင်း

"ဩော် ခင်ဗျားက မင်းသားကိုး။ မင်းသားတွေ ကြားမှာတော့ ကျွန်တော်တို့ အဆောက်အဦးက သိပ်ရေပန်းစားတာ" ဟု ပြောကာ ဘရမ်းဖို့ထ်မှာ နေထိုင်သည့် မင်းသားလေးယောက်၏ အမည်ကို ရွတ်ပြသည်။

လေးယောက်စလုံး နာမည်ကျော်တွေ ချည်းပင်။ သူက

"ခင်ဗျားကို တစ်နေရာရာမှာ တွေ့မိသလိုပဲ" ဟု ပြောရာ ဂိုင်းက

"အရင်က 'ဟမ်းမလက်'ပြဇာတ်မှာ ပါဖူးတယ်။ ပြီးတော့ 'သဲပုလွေမှုတ်သူ'ပြဇာတ် ကဖြစ်တယ်လေ..." ဟု ပြန်ပြောနေစဉ် ရိုစ်မေရီက

"သူ ရှင့်ကို လှောက်နောက်နေတာ။ 'လူသာ'နဲ့ 'ပြဟ္မာ့ဦးခေါင်းကို ဘယ်

သူမှ မလိုချင်'ပြဇာတ်တွေမှာ ပါတာ။ တီဗီဇာတ်လမ်းတွေ၊ ကြော်ငြာတွေ လည်း ရိုက်တယ်" ဟု ပြောသည်။

"သြော် ဒါဆို ကြော်ငြာရိုက်တာကနေ ပိုက်ဆံတွေ ရမှာပေ့ါနော်"

"ဒါပေ့ါရှင်"

"ပြီးတော့ အနုပညာဆန်တဲ့ ဖျော်ဖြေရေးတွေလည်း လုပ်တယ်လေ"

ရှိစ်မေရီက ဂိုင်းကို တော်ပါတော့ရှင် ဟူသည့် အဓိပ္ပာယ်ဖြင့် ကြည့်တော့ ဂိုင်းက မသိ နားမလည်သည့် အမူအရာ ပြန်လုပ်ပြသည်။ ထို့နောက် မစ္စတာ မစ်ကလပ်၏ ခေါင်းအထက်မှ နေ၍ ဝါးစားပစ်ချင်သည့် မျက်နှာမျိုး လုပ်ပြသည်။

တောက်ပသော ကြေးလက်ကိုင်နှင့် ဝက်သစ်ချသား ဘောင်ကွပ်ထားသော ဓာတ်လှေကား၌ နီဂရိုးလူမျိုး အစောင့်တစ်ယောက် ရှိသည်။ တာဝန်အရ ပြုံးထားဟန်တူသည့် ယူနီဖောင်းနှင့် ဓာတ်လှေကားစောင့်အား မစ္စတာမစ်ကလပ်က

"ခုနစ်လွှာကို..." ဟု ပြောလိုက်သည်။ ထို့နောက် ရှိစ်မေရီနှင့် ဂိုင်းတို့ဘက် လှည့်၍

"အဲဒီ တိုက်ခန်းမှာ အခန်းလေးခန်း ရှိတယ်။ ရေချိုးခန်း နှစ်ခုနဲ့ ဗီရို ငါးလုံး ပါတယ်။ မူလက အဆောက်အဦးကြီးရဲ့ တိုက်ခန်းတွေက သိပ်ကျယ်တယ်။ အသေးဆုံး တိုက်ခန်းတောင် အခန်းကိုးခန်းလောက် ပါတာ။ ဒါပေမဲ့ အခုတော့ လေးခန်းတွဲ၊ ငါးခန်းတွဲ၊ ခြောက်ခန်းတွဲတွေ ဖြစ်ကုန်ပြီ။ ခုနစ်လွှာ အခန်းအီးက မူလက ဆယ်ခန်း ပါတာ။ အခုတော့ လေးခန်းတွဲ ပေ့ါလေ။ မီးဖိုချောင်နဲ့ ရေချိုးခန်းကတော့ မူလကအတိုင်း အကျယ်ကြီးပဲ။ ရောက်ရင် တွေ့လိမ့်မယ်။ မူလက နှစ်ယောက်အိပ် အခန်းကျယ်ကြီးကို

တော့ ဧည့်ခန်း လုပ်လိုက်တယ်။ အိပ်ခန်းကတော့ အစကတည်းက အိပ်ခန်းပဲ။ အစေခံ အခန်းနှစ်ခုကို ထမင်းစားခန်းနဲ့ အိပ်ခန်း နောက်တစ်ခု လုပ်လိုက်တယ်။ ဒါနဲ့ ခင်ဗျားတို့မှာ ကလေးတွေ ဘာတွေ ရှိသလား" ဟု မေးသည်။

"ယူဖို့တော့ အစီအစဉ် ရှိပါတယ်"

"အဲဒီအိပ်ခန်းက ကလေးတွေဘာတွေ ထားလို့ ကောင်းတယ်ဗျ။ ဗီရိုကြီး တစ်လုံးနဲ့ ရေချိုးခန်း၊ အိမ်သာ အပြည့်အစုံ ပါတယ်။ အဲဒီ အခန်းထဲမှာ ထားတဲ့ ပစ္စည်းပစ္စယတွေ အကုန်လုံးက ခင်ဗျားတို့လို လူငယ်စုံတွဲအတွက် ပြင်ထားတာ"

ဓာတ်လှေကား ရပ်သွားသောအခါ နီဂရိုးလေးက အတွင်းဘက် ကြေး တံခါးကို ဆွဲဟ၍ အပြင်တံခါးကို ဖွင့်ပေးသည်။ မျက်နှာကတော့ ပြုံးထားဆဲ။ မစ္စတာမစ်ကလပ်က ဘေးသို့ လမ်းဖယ်ပေးကာ မတ်တပ်ရပ်နေသဖြင့် ရို့စ်မေရီနှင့် ဂိုင်းတို့က အရင် အပြင်သို့ လှမ်းထွက်လိုက်ကြသည်။

အစိမ်းရင့်ရောင် ကော်ဇော ခင်းထားသော စင်္ကြံလမ်းမ နံရံမီးရောင်က ခပ်မှိန်မှိန်။ ခုနစ်လွှာ အခန်းဘီဟု မှတ်သားထားသည့် အစိမ်းရောင် ပန်းပု ရုပ်ကြွ တံခါးနားတွင် ချောင်းကြည့်ပေါက် ဖောက်နေသော လုပ်သား တစ်ယောက်က သူတို့ကို တစ်ချက်လှမ်းကြည့်ကာ လုပ်လက်စ အလုပ်ဆီ ပြန်ငုံ့သွားသည်။ မစ္စတာမစ်ကလပ်က အစိမ်းရင့်ရောင် စင်္ကြံ လမ်းမကြီး၏ လမ်းခွဲများမှ တစ်ဆင့် ဘယ်ကွေ့လိုက်၊ ညာကွေ့လိုက်ဖြင့် ဦးဆောင်သွား သည်။ နံရံကပ် စက္ကူများတွင် ပွတ်တိုက်ခံရဖန် များသဖြင့် အရောင်ပြယ် နေသော နေရာများကို အနောက်မှ လိုက်ပါလာသော ရို့စ်မေရီနှင့် ဂိုင်းတို့ တွေ့ကြရသည်။ တစ်နေရာတွင် ပြန်ဖာထေးထားဟန် တူသော စပ်ကြောင်း ရာ တစ်ခုကို မြင်ရသည်။ ထိုစပ်ကြောင်းရာက အတွင်းသို့ ပြန်၍ လိပ်

ဝင်နေသည်။ မီးမလာသော နံရံကပ်အလှဆင် ဖန်မီးအိမ် တစ်လုံးနှင့် အစိမ်းရင့်ရောင် ကြမ်းခင်း ကော်ဇောပေါ်တွင် တိပ်အစိမ်းနုဖြင့် အပေါ်က ထပ်ကပ်ထားသော အကွက် တစ်ကွက်ကိုလည်း တွေ့ရသည်။ ထိုအခါ ဂိုင်းက 'ကော်ဇောမှာ အကွက်လိုက် ဖြစ်နေတာ အရုပ်ဆိုးလှချည်လား'ဟူသော အဓိပ္ပာယ်ဖြင့် ရို့စ်မေရီကို လှမ်းကြည့်တော့ သူမက 'အို ဘာပဲဖြစ်ဖြစ် ကျွန်မတော့ အကုန် ကြိုက်တယ်'ဟူသော မျက်နှာပေးဖြင့် မျက်နှာလွှဲ၍ ပြုံးပြုံးကြီးသာ လုပ်နေသည်။

မစ္စတာမစ်ကလပ်က သူတို့အား လှည့်မကြည့်ဘဲ

"အခန်းကို ခင်ဗျားတို့ မတိုင်မီ ငှားခဲ့တဲ့ သူက မစ္စက် ဂါဒန်းနီးယားတဲ့။ သူက လွန်ခဲ့တဲ့ ရက်ပိုင်းကပဲ ဆုံးသွားတယ်။ သူ့ပစ္စည်းတွေကိုတောင် အခန်းထဲကနေ ဘာတစ်ခုမှ ရွှေ့မပေးရသေးဘူး။ သူ့သားက ကြမ်းခင်းတွေရယ်၊ လေအေးပေးစက်တွေရယ်၊ တချို့ပရိဘောဂတွေရယ် လိုချင်တဲ့ သူရှိရင် သူ့ကို လာပြောပါလို့ ကျွန်တော့်ကို မှာထားခဲ့တယ်" ဟု ဆိုသည်။

သူက ပြောရင်းဆိုရင်း သစ်လွင်ပုံပေါက်သော အစိမ်းနှင့် ရွှေရောင် အစင်းများ ပါသည့် နံရံကပ်စက္ကူဖြင့် အလှဆင်ထားသော လျှောက်လမ်း တစ်ခုထဲ ချိုးဝင်သွားသည်။ ရို့စ်မေရီက

"သူက တိုက်ခန်းထဲမှာပဲ ဆုံးသွားတာလားဟင်" ဟု မေးလိုက်သည်။ မစ္စတာမစ်ကလပ်က

"ဩော်...။ အဲဒီလို မဟုတ်ပါဘူးဗျာ။ ဆေးရုံမှာ ဆုံးတာပါ။ သူက ကိုမာဝင်နေတာ ကြာပြီဆိုတော့ ကုတင်ပေါ်မှာပဲ အိပ်ပျော်လျက်သား ဆုံးသွားတာ။ အသက်လည်း ကြီးလှပါပြီ။ ကျွန်တော့် အလှည့်ကျရင်တောင် ဒီလိုပဲ ဘဝကူးလိုက်ချင်ရဲ့။ အဘွားကြီးက သေတဲ့အထိ အေးအေးသက်သာ နေသွားခဲ့ရတာဗျ။ စတိုးဆိုင်တွေဆီ ကိုယ်တိုင် ဈေးသွားဝယ်တယ်။ သူ့

ဘာသာ ချက်စားတယ်။ ပြီးတော့ သူက နယူးယောက်မြို့ရဲ့ ပထမဆုံး အမျိုးသမီး ရှေ့နေတွေထဲက တစ်ယောက်ဗျ" ဟု ပြောပြသည်။

လျှောက်လမ်းမ အဆုံးရှိ လှေကားခွင်ဆီ ရောက်လာသည်။ ၎င်း၏ မျက်စောင်းထိုးတွင်တော့ သူတို့ ဖြတ်လာခဲ့သည့် အခန်းတံခါးများထက် ပို၍ ကျဉ်းမြောင်းသည့် တံခါးတစ်ချပ် ရှိသည်။ ပန်းခက်ပန်းနွယ်များ ပုံဖော်ထားခြင်း မရှိသော ထိုတံခါးတွင် ခုနစ်လွှာ အခန်းနံပါတ် အီးဟု အဓိပ္ပာယ်ရသော 7E ဟု ရေးထားသည်။

မစ္စတာမစ်ကလပ်က ပုလဲရောင် ထနေသော လူခေါ် ခေါင်းလောင်း ခလုတ်ကို နှိပ်ပြသည်။ ထိုခလုတ်အပေါ်၌ ပလတ်စတစ် အနက်စပေါ်တွင် အဖြူရောင် စာလုံးများဖြင့် ကွယ်လွန်သူ ဂါဒန်းနီးယားဟု ရေးထားသည်။ သူက သော့ခလောက်ထဲသို့ သော့တစ်ချောင်း ထိုးလှည့်၍ အခန်းတံခါးကို ဖွင့်သည်။ ထို့နောက် တံခါးဘုကို ဖွင့်လျက်သား ကိုင်ထားကာ အခန်းထဲသို့ လက်တစ်ဖက် ဆန့်တန်း၍

"ရှေ့က ဝင်ကြပါ" ဟု ပြောလိုက်လေသည်။

***

အိမ်ရှေ့တံခါးမှ တည့်တည့်ကြည့်လျှင် အခန်းလေးခန်းကို အဝင်လမ်းကလေး၏ တစ်ဖက်ခြမ်းမှ ဘယ်ညာနှစ်ခန်းစီ ခွဲထားသည်။ ညာဘက်ခြမ်းရှိ ပထမဆုံး အခန်းက မီးဖိုချောင်။ ထိုမီးဖိုချောင်ကို တွေ့ရသည့်အခိုက် လက်ရှိနေထိုင်သည့် တိုက်ခန်းထက် ပို၍ ကျယ်နေသောကြောင့် ရှိုစ်မေရီ ဟန်ပင် မဆောင်နိုင်အောင် တခိခိနှင့် အူမြူးသွားသည်။ ထိုအထဲတွင်

ဒယ်အိုးနှစ်လုံး တင်ထားသော မီးခွက်ခြောက်ခုပါ ဂတ်စ်မီးဖိုကြီး တစ်လုံး၊ ရေခဲသေတ္တာ အကြီးစား တစ်လုံးနှင့် ပန်းကန်စင်များစွာ ပါဝင်သည့် လှပခန့်ညားသော လက်ဆေးကန်ကြီး တစ်ခု ရှိသည်။ မျက်နှာကျက်ကလည်း မြင့်မားလှပါဘိ။ ပြတင်းပေါက်ကလည်း အောက်ဘက်ရှိ သတ္တမလမ်းသွယ်ကို လှမ်းမြင်ရသည်။ မြစိမ်းရောင် စားပွဲနှင့် ကုလားထိုင်များက အခန်း၏ အလှကို ပို၍ ကြွစေသည်။

မီးဖိုချောင်နှင့် မျက်နှာချင်းဆိုင်က ဒုတိယ အိပ်ခန်းကို မစ္စက်ဂါဒန်းနီးယားက စာကြည့်ခန်းနှင့် သစ်ပင်ပန်းမန်များ စိုက်ပျိုးရန် သုံးထားဟန်တူသည်။ မှိတ်ထားသော မီးချောင်းများအောက်ရှိ သစ်သားစင်များတွင် အပင်ငယ် ရာပေါင်းများစွာ ရှိသော်လည်း သေသည့် အပင်က သေ၊ ညှိုးသည့် အပင်က ညှိုး ဖြစ်နေကြသည်။ အခန်းအလယ်ရှိ သစ်သားစာရေး စားပွဲခုံပေါ်တွင် စာအုပ်များနှင့် စာရွက်များက အပုံလိုက်။ မဟော်ဂနီရောင် တောက်တောက်နှင့် မျက်နှာပြင် ကျယ်ပြန့်သော သစ်နက်သား စာရေးစားပွဲခုံ ဟောင်းကြီး၏ အသွင်က ခန့်ညားလှသည်။

ရှိစ်မေရီက တံခါးနားတွင် စကားပြောနေသည့် မစ္စတာမစ်ကလပ်နှင့် ဂိုင်းကို ထားရစ်ကာ အခန်းထဲ ဝင်၍ ညှိုးရော်နေသည့် အပင်များ ရှိရာ စင်တစ်ခုဆီ လျှောက်သွားသည်။ သည်လို စားပွဲခုံမျိုးကို ဈေးကြီးသော အဟောင်းဆိုင်များ၏ မှန်ပြတင်းများ၌ အလှ ပြထားတတ်ကြသည်။ ရှိစ်မေရီက စားပွဲခုံကြီးအား ရောင်းဖို့ မှာခဲ့သော ပစ္စည်းများထဲများ ပါနေမလားဟု တွေးကာ တို့ထိကြည့်သည်။ ဂိုင်းနှင့် စကား ပြောနေရာမှ သူမဘက် လှည့်လာသည့် မစ္စတာမစ်ကလပ်အား

"ဒီစားပွဲကရော မစ္စက်ဂါဒန်းနီးယားရဲ့သား ရောင်းချင်တဲ့ထဲ ပါသလား" ဟု လှမ်းမေးလိုက်သည်။ မစ္စတာမစ်ကလပ်က

"မသိဘူးဗျ။ သိချင်ရင် မေးပေးပါ့မယ်" ဟု ပြောသည်။ ဂိုင်းက

"လုလိုက်တာနော်" ဟု ပြောသည်။ ရှိစ်မေရီက ပြုံးရင်း

"ဟုတ်ပါရဲ့" ဟု ဆိုကာ နံရံနှင့် ပြတင်းပေါက်များကို လိုက်ကြည့်သည်။

အခန်း၏ အဆင်အယင်က သူမ စိတ်ကူးယဉ်ဖူးသည့် ကဗျာထဲကအတိုင်း ပြည့်စုံလုနီးပါးပင်။ ပြတင်းပေါက်က ခြံဝင်းကလေး တစ်ခုကို မျက်နှာမူထားသည်။ အဖြူနှင့် အဝါရောင် နံရံကပ် စက္ကူများကတော့ အရောင်တောက်လွန်း နေသလိုလို။ အပိုပါသော ရေချိုးခန်းကတော့ သေးသည်။ ဗီရိုတစ်လုံးထဲတွင် ပျိုးပင်များ စိုက်ထားသည့် အိုးများ ရှိသည်။ ထိုအပင်များကို သေချာ ပျိုးထောင်လိုက်လျှင် ကောင်းကောင်း ရှင်သန်ကြမည့်ပုံ ရသည်။ ဂိုင်းက

"ဒါက ဘာတွေလဲ" ဟု မေးတော့ ရှိစ်မေရီက

"အများစုကတော့ ဆေးပင်တွေပဲ။ ဒါက ပင်စိမ်းနဲ့ ပူစီနံ။ ဒါတွေတော့ မသိဘူး" ဟု ပြောပြသည်။

လျှောက်လမ်း၏ ဘယ်ဘက်ခြမ်း ခပ်လှမ်းလှမ်းတွင် အဝတ်ဗီရိုတစ်လုံး ရှိသည်။ ညာဘက်ခြမ်းတွင် ဧည့်ခန်းသို့ ဝင်သော အမိုးခုံးနှင့် အပေါက်ကျယ် တစ်ခုရှိသည်။ ၎င်း၏ မျက်နှာချင်းဆိုင်တွင် ပြတင်းပေါက် ကျယ်ကြီး နှစ်ခု ရှိသည်။ နှစ်ခုလုံးသည် လူထိုင်သည့်နေရာ တွဲလျက်ပါဝင်သည့် တံခါးသုံးချပ်တွဲ ပြတင်းပေါက်များ ဖြစ်ကြသည်။ ပြတင်းပေါက် ညာဘက်ရှိ နံရံတွင် အဖြူရောင် စကျင်ကျောက်သား ပွတ်လုံးတိုင်များဖြင့် ပုံဖော်ထားသော မီးလင်းဖိုလေးတစ်ခု ရှိသည်။ ဘယ်ဘက်နံရံမှာတော့ မြင့်မားလှသော ဝက်သစ်ချသား စာအုပ်စင်များ ရှိသည်။

ရှိစ်မေရီက ဂိုင်း၏ လက်ကို ဆုပ်ညှစ်ကာ

"ကိုကို..." ဟု ဆိုလိုက်ရာ သူက ယောင်နနဖြင့် ပြန်၍ ဖျစ်ညှစ်ပြီး

"ဟင်..." ဟု ပြန်ထူးသည်။ မစ္စတာမစ်ကလပ်က

"မီးလင်းဖိုက သုံးလို့ ရတယ်နော်" ဟု ပြောသည်။

အဓိက အိပ်ခန်းမှာလည်း အလျားဆယ့်ရှစ်ပေ၊ အနံဆယ့်နှစ်ပေ ကျယ်သဖြင့် ကောင်းကောင်းကြီး နေလို့ ရသည်။ အိပ်ခန်း ပြတင်းပေါက်များကလည်း ခုနက အခန်းနည်းတူ ခြံဝင်းကိုပင် မျက်နှာမူထားသည်။ မီးလုံးအဖြူများအပြည့် တန်ဆာဆင်ထားသော ကြေးမီးဆိုင်းကြီးနှင့် ရေချိုးခန်းကတော့ ကျယ်ဝန်းလှသည်။ ရှိုစ်မေရီက ဧည့်ခန်းဆီ ပြန်လာကာ

"တော်တော် ခမ်းနားတဲ့ တိုက်ခန်းကြီးပဲနော်" ဟု ပြောရင်း ပွေ့တော့မလို၊ ဖက်တော့မလို လက်နှစ်ဖက်ကို ဖြန့်ကားလျက်

"မေဖြင့် သိပ်ကြိုက်တာပဲ" ဟု ဆိုသည်။ ဂိုင်းက

"ကဲ ခင်ဗျားကို သူဆက်ကြိုးစားမှာက အိမ်လခ ဈေးဆစ်ဖို့ပဲ မစ္စတာမစ်ကလပ်ရေ" ဟု ပြောလိုက်သည်။ မစ္စတာမစ်ကလပ်က ပြုံးကာ

"ကျွန်တော်တို့က ဆယ့်ငါးရာခိုင်နှုန်းလောက် ထပ်ပြီး တိုးတောင်းဦးမလို့ဗျ။ ဒီလို ခန့်ညားလှပတဲ့ တိုက်ခန်းမျိုးကို ဒီခေတ်ကြီးမှာ ထမင်းထုပ် ထမ်းပြီး ရှာကြည့်၊ မရှိသလောက် ရှားသွားပြီ။ အသစ်ဆောက်တဲ့..." ဟု ပြောရင်း စကားစ ပြတ်သွားကာ လျှောက်လမ်းမ ထိပ်ဆုံးရှိ မဟော်ဂနီ စာရေးစားပွဲခုံကြီးကို ကြည့်သည်။ ထို့နောက် ဆက်၍

"ဟာ ခုမှ သတိရတယ်။ ဟောဟိုက စာရေးခုံနောက်မှာ အခန်းလေး တစ်ခန်း ရှိသေးတာပဲ၊ ကျွန်တော် သေချာသိတာပေါ့။ တကယ်တော့ အခန်းငါးခန်းဗျို့" ဟု ပြောကာ ခုံနား ကပ်သွားသည်။

ဂိုင်းက ခြေဖျားထောက်ကြည့်ကာ

"ဟုတ်သားပဲ။ ကျွန်တော် တံခါးစွန်းကို မြင်ရတယ်" ဟု ပြောသည်။ ရှိစ်မေရီက

"ခုံကို သူရွှေ့ထားတာ ဖြစ်မယ်။ တကယ်ဆို ခုံက ဟိုနားမှာ ရှိရမှာ" ဟု ပြောကာ ကြမ်းပြင်ကော်ဇောပေါ်တွင် နက်ရှိုင်းစွာ ထင်းနေသော ခုံခြေထောက်ရာ လေးခုနှင့် နံရံတွင် ထင်ကျန်နေသော အကွက်ကြီးကို လက်ညှိုးထိုးပြသည်။ မစ္စတာမစ်ကလပ်က ဂိုင်းအား

"ကျွန်တော့်ကို ကူပေးပါလား" ဟု လှမ်းပြောသည်။

သူတို့နှစ်ယောက်က စာရေးခုံကို နဂိုနေရာ ပြန်ရောက်အောင် တွန်းရွှေ့နေစဉ် ဂိုင်းက

"သိပြီ။ ဒါကို ရွှေ့ရင်း ကိုမာ ဝင်သွားတာ ဖြစ်မယ်" ဟု နောက်သည်။ မစ္စတာမစ်ကလပ်က

"သူ့ဘာသာတော့ ရွှေ့နိုင်မယ် မထင်ဘူးဗျ။ အဘွားကြီးက ၈၉ နှစ် ရှိပြီ" ဟု ပြောသည်။

ရှိစ်မေရီက စားပွဲခုံ ဖယ်လိုက်၍ ပေါ်လာသော တံခါးကို ကြည့်ရင်း ဘာများ ရှိလို့ပါလိမ့်ဟု တွေးကာ

"ကျွန်မတို့ ဖွင့်ကြည့်လို့ ကောင်းပါ့မလား။ သူ့သား လာဖွင့်မှ ကောင်းမယ်ထင်တယ်နော်" ဟု ပြောသည်။

ခုံကို မူလနေရာအတိုင်း ရွှေ့ပြီးသောအခါ မစ္စတာမစ်ကလပ်က သူ့လက်ချောင်း တိုကလေးများကို နှိပ်နယ်၍။

"ကျွန်တော့်မှာ ဒီတိုက်ခန်းကို ပြပေးခွင့် ရှိပါတယ်လေ" ဟု ပြောကာ ထိုအခန်းတံခါးကို ဖွင့်လိုက်သည်။

တကယ်တော့ ဗီရိုတစ်လုံးနှင့် တူသော အခန်းငယ် တစ်ခုသာ ဖြစ်သည်။

ထောင့်တစ်နေရာ၌ ဖုန်စုပ်စက်တစ်လုံး ထောင်ထားကာ သစ်သား ဘုတ်ပြားသုံးလေးခုမှ လွဲ၍ အထဲမှာ ဘာမှ မရှိ။ ဗီရိုတစ်ဖြစ်လဲ အခန်းငယ်ထဲရှိ အဝတ်စင် တစ်ခုတွင် အပြာရောင်နှင့် အစိမ်းရောင် ရေချိုးသဘက်များ ခေါက်တင်ထားသည်။ ဂိုင်းက

"ဒီထဲမှာ ဘယ်သူများ နေခဲ့သလဲ မသိဘူး" ဟု ရွဲ့ပြောတော့ မစ္စတာမစ်ကလပ်က

"သူ့အတွက် မလိုလို့ ပိတ်ထားတာ နေမှာပေ့ါ" ဟု ပြောသည်။ ရှိုစ်မေရီက

"ဒါနဲ့များ ဘာလို့ သဘက်တွေနဲ့ ဖုန်စုပ်စက် ထားထားလဲ မသိဘူး" ဟု မေးတော့ မစ္စတာမစ်ကလပ်က ပခုံးတွန့်ကာ

"မသိဘူးလေ။ အသက်ကြီးလို့ စိတ်တွေဘာတွေ အမှတ်မှားသလား မသိ။ ကျွန်တော် ထပ်ပြစရာများ ရှိသေးလား" ဟု ပြုံး၍ မေးသည်။ ရှိုစ်မေရီက

"ဟုတ်ကဲ့။ အဝတ်လျှော်တဲ့ စနစ်က ဘယ်လိုလဲဟင်။ အောက်ထပ်မှာ အဝတ်လျှော်စက်တွေ ဘာတွေ ရှိသလား" ဟု မေးလိုက်သည်။

***

ပလက်ဖောင်းပေါ်အထိ လိုက်ပို့ပေးသော မစ္စတာမစ်ကလပ်ကို ကျေးဇူးတင်စကား ပြောပြီးနောက် နှစ်ယောက်သား သတ္တမ လမ်းသွယ် အတိုင်း ဖြည်းညင်းစွာ လမ်းလျှောက်ကြသည်။

ရှိုစ်မေရီက ရှေးမဆွကတည်းက စဉ်းစားထားသည့် လေသံမျိုးဖြင့်

"တခြားဟာတွေထက်တော့ ဈေးသက်သာသားပဲ ကိုကိုရဲ့" ဟု စကားစသည်။ ဂိုင်းက

"ပြီးတော့ တစ်ခန်းပဲ ကျန်တော့တာတဲ့ မေရဲ့" ဟု အလိုက်သင့် ပြောသည်။

ရှိုစ်မေရီက ခဏလောက် နှုတ်ဆိတ်ကာ လမ်းလျှောက်ပြီးမှ

"နေရာအကွက်အကွင်းလည်း ပိုကောင်းတယ်" ဟု ပြောသည်။ ဂိုင်းက

"ဟုတ်တယ်နော်။ ခုလျှောက်လာတာတင် ရုပ်ရှင်ရုံ အတော်များများ ကျော်လာခဲ့ပြီ" ဟု ထောက်ခံသည်။

ရှိုစ်မေရီက စိတ်အား ထက်သန်လာပြီး ထခုန်တော့မလိုဖြင့်

"ကိုကိုရယ် ဒီအခန်းကိုပဲ ယူလိုက်ကြရအောင်ပါနော်။ တိုက်ခန်းက ဒီလောက်ကောင်းတာ၊ မစ္စက် ဂါဒန်းနီးယားကြီးတောင် မထိရက် မကိုင်ရက် နေခဲ့တာ။ ဧည့်ခန်းကလည်း လှချက်။ ပြီးတော့...။ အိုကွယ် ယူလိုက်ကြပါစို့...၊ နော်" ဟု ပူဆာလေတော့သည်။ ဂိုင်းက ပြုံး၍

"တခြားဟာ ရှင်းလို့ ရရင်တော့ ယူဖြစ်မှာ သေချာပါတယ်" ဟု ပြောသည်။

ရှိုစ်မေရီက ပျော်ရွှင်စွာဖြင့် သူ့တံတောင်ကို ဆွဲလွဲကာ

"ယူဖြစ်မှာပါ။ ကိုကို တစ်ခုခုတော့ စဉ်းစားရမယ်။ ယူဖြစ်မယ်မှန်း မေသိတယ်" ဟု ပြောသည်။

ဂိုင်းက ဖုန်းရုံတစ်ခုထဲ ဝင်၍ မစ္စက်ကောတက်ဇ်ဆီ ဖုန်းလှမ်းဆက်သောအခါ ရှိုစ်မေရီက အပြင်မှာ စောင့်ကျန်နေခဲ့သည်။ သူမက ဂိုင်းပြောသည့် စကားကို သိချင်သောကြောင့် သူ့နှုတ်ခမ်းလှုပ်ပုံကို လိုက်ဖတ်ရန် ကြိုးစားသည်။ မစ္စက်ကောတက်ဇ်က အခန်းလိုချင်သည့် တခြားသူတစ်ယောက်ယောက်သာ ဖုန်းဆက်မလာပါက ထိုအခန်းကို ညနေ သုံးနာရီတွင် ပေးမည်ဟု ဆိုသည်။ သို့နှင့် သူတို့သည် ရုရှား လက်ဖက်ရည်ဆိုင်

တစ်ခုသို့ ဝင်ပြီး ကြက်သားသုပ်၊ အသားညှပ်မုန့်နှင့် ဘလက်ဒီမေရီ ကောက်တေးလ်များ မှာသည်။

လောလောဆယ် ငှားထားမိသော အိမ်ကိစ္စကို ဖြေရှင်းရန် ဂိုင်းကို ရိုစ်မေရီက 'ကျွန်တော် ဖျားလို့ ဆေးရုံတက်နေရတယ် ပြောလိုက်ပေါ့ ကိုကို' ဟု အကြံပေးခဲ့သည်။ ချော့ပြောပြော၊ ခြောက်ပြောပြော ယုတ္တိတော့ ရှိရပေမည်။ ထို့ကြောင့် ဂိုင်းက ဗီယက်နမ်နှင့် အရှေ့ပိုင်းဒေသသို့ ခရီးထွက်ရမည်ဟု ဇာတ်လမ်းတစ်ပုဒ် ဖန်တီး ပြောဆိုလေသည်။ ဂိုင်းပါရမည့် ရုပ်ရှင်ထဲမှ မင်းသား တင်ပဆုံရိုး ကျိုးသွားသဖြင့် သူက အစားဝင် သရုပ်ဆောင်ရမည့် အကြောင်း၊ ခရီးထွက်မည့် ရိုက်ကူးရေးအဖွဲ့က အနည်းဆုံး နှစ်ပတ်ခန့် ရပ်ဆိုင်းမည် ဖြစ်ကြောင်း၊ ဇနီးသည် ရိုစ်မေရီကတော့ အိုမာဟာမြို့ရှိ ဆွေမျိုးများထံ သွားနေမည့် အကြောင်း စသည်တို့ကို ဖုန်းဖြင့် လှမ်းပြောလိုက်သည်။

ဂိုင်းက ဖုန်းသွားဆက်နေချိန်တွင် ရိုစ်မေရီက သူမ မလိုချင်သည့် ပထမ လမ်းသွယ်မှ အိမ်အကြောင်းကို တွေးရင်း အအေးသောက်ကာ ကျန်ခဲ့သည်။ စားပွဲထိုး မိန်းကလေးက ဆင်းဒ်ဝှစ်ချ်များ လာချသည်။ ရိုစ်မေရီက အနားမှ ဖြစ်သွားသော အပြာရင့်ရောင် ဝတ်စုံနှင့် ကိုယ်ဝန်ဆောင် မိန်းမ တစ်ယောက်ကို ကြည့်နေမိသည်။ ခြောက်လ၊ ခုနစ်လခန့် ရှိလောက်ပြီဖြစ်သည့် ဗိုက်ကြီးသည်က သူ့အမေ ဖြစ်ဟန်တူသော အထုပ်အပိုးများနှင့် မိန်းမကြီးတစ်ယောက်ကို ရယ်ကာမောကာ စကားပြောနေသည်။

ဆိုင်နံရံတစ်ဖက်မှ ဆံပင်နီနှင့် ကောင်မလေးက လက်လှမ်းပြသဖြင့် ရိုစ်မေရီက ပြန်နှုတ်ဆက်လိုက်သည်။ စီဘီအက်စ်ရုပ်မြင်သံကြားမှ ရိုစ်မေရီ အလုပ်ထွက်မလာခင် ဌာနသို့ ရက်ပိုင်းအလိုမှာ ရောက်လာသော ကောင်မလေး။ ကောင်မလေးက ပါးစပ်လှုပ်ကာ တစ်ခုခု လှမ်းပြော

သော်လည်း ရှိစ်မေရီ နားမလည်။ သူမတို့နှစ်ဦးကြားတွင် ကောင်မလေးနှင့် မျက်နှာချင်းဆိုင်ထိုင်နေသော ဗိုက်ဆာနေပုံရသည့် လူတစ်ယောက်က ရှိစ်မေရီကို ရှုတည်တည်နှင့် နောက်ပြန်လှည့်ကြည့်သည်။ ထိုစဉ် ကိုလူချော ဂိုင်းက အဆင်ပြေပုံ ရသော မထိတရီ အပြုံးနှင့် ပြန်ရောက်လာသည်။ သူက ရှိစ်မေရီနှင့် မျက်နှာချင်းဆိုင် ခုံတွင် ဝင်ထိုင်လိုက်စဉ် သူမက

"ရတယ် မဟုတ်လား" ဟု မေးလိုက်သည်။

"ရတယ်။ စာချုပ်က တရားဝင် မဟုတ်သေးဘူးလေ။ စရံငွေ ပြန်ပေးလိမ့်မယ်။ မစ္စက်ကောတက်ဇ်ကိုပါ ဖုန်းထပ်ဆက်လိုက်တယ်။ သူက တို့ကို နှစ်နာရီကျရင် စောင့်နေမယ်တဲ့"

"ရှင်တို့နှစ်ယောက်က သိပ်လိုက်တဲ့ အတွဲပဲ"

မျက်လုံးတောက်တောက်နှင့် ဆံပင်နီမလေးက ရုတ်တရက် သူမတို့ဆီ ရောက်လာကာ ဝင်ပြောသည်။ ရှိစ်မေရီက ကောင်မလေးနာမည်ကို အသည်းအသန် ပြန်စဉ်းစားသော်လည်း မရသဖြင့် ရယ်ရယ်မောမောနှင့်

"ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ဘရမ်းဖို့ထ်မှာ တိုက်ခန်း ရလိုက်လို့ အောင်ပွဲခံနေကြတာလေ" ဟု ပြောလိုက်သည်။

"ဘရမ်းဖို့ထ်မှာ ဟုတ်လား။ အဲဒီနေရာကို ကျွန်မ သိပ်ခိုက်တာ။ တစ်နေရာလောက် ငှားလို့ ရရင် ကျွန်မကိုလည်း ပြောပါဦး၊ မမေ့နဲ့နော်။ အဲဒီက ပြတင်းပေါက်တွေကြားမှာ ကျောက်ဘီလူးရုပ်ကြီးတွေ အတက်အဆင်း လုပ်နေပုံ ထုထားတာ အဆန်းပဲ"

***

# အခန်း (၂)

ဘရမ်းဖို့ထ်သည် အန္တရာယ်ရှိသော နေရာဖြစ်၍ သူတို့အား မနေဖို့ ဟတ်ချ်က ပြောပြရန် ကြိုးစားသည်။ ဟတ်ချ်၏ နာမည်ရင်းမှာ အက်ဒွပ်ဟတ်ချင်ဖြစ်၍ အသက် ၅၄ နှစ်ရှိသော အင်္ဂလိပ်ကြီး တစ်ယောက် ဖြစ်သည်။ သူသည် ကလောင်နာမည်ခွဲ သုံးခုဖြင့် ကလေးစွန့်စားခန်း စာအုပ်စီးရီး သုံးခုကို ရေးသားခဲ့သည်။

၁၉၆၂ ခုနစ်၊ ဇွန်လတွင် နယူးယောက်သို့ ရို့စ်မေရီ ပထမဆုံး ရောက်လာခဲ့သည်။ ထိုအချိန်က သူမသည် အိုမာဟာမြို့မှ သာမန်မိန်းကလေး တစ်ယောက်ထက် ဘာမှ မပိုချေ။ အတ္တလန္တာမြို့မှ မိန်းကလေး နှစ်ယောက်နှင့်အတူ လက်ဇင်တန်လမ်းသွယ် အောက်ပိုင်းရှိ တိုက်ခန်းတစ်ခုမှာ ပေါင်းနေကြသည်။ ဟတ်ချ်က သူတို့ဘေးက အိမ်မှာ နေသည်။ သူ့အား မိန်းကလေးများက ဖအေသဖွယ် ချစ်ခင်ကြသော်လည်း သူကတော့ သမီးအရင်း နှစ်ယောက်ကို ပြုစုပျိုးထောင်ရသည်နှင့်ပင် နွားနှစ်ထောင် ကျောင်းခဲ့ရသည့်အလား စိတ်ကုန်လှချေပြီ။ ထို့ကြောင့် မီးရေးထင်းရေးလို အရေးပေါ် ကိစ္စအတွက်သာ ကြည့်ရှုပေးတတ်သည်။ ရို့စ်မေရီကိုတော့ သည့်ထက်ပို၍ ကူညီပေးရသည်။

မိသားစုထဲ၌ ရို့စ်မေရီသည် သားသမီး ခြောက်ယောက်တွင် အငယ်ဆုံးဖြစ်ပြီး အထက်က ငါးယောက်မှာ စောစောစီးစီး အိမ်ထောင်ကျ၍ မိဘနှင့် နီးနီးနားနား အိမ်များတွင် နေထိုင်ကြသည်။ အိုမာဟာမြို့တွင် သံသယ

များ၍ ဒေါသကြီးသော ဖအေ၊ ဆိတ်ဆိတ်သာ နေတတ်သော မအေနှင့် အစ်ကို အစ်မများသာ ကျန်ရစ်ခဲ့သည်။ ရှိစ်မေရီ အိမ်က ထွက်လာတော့ အစ်ကိုအကြီးဆုံး ယစ်ထုပ်ကြီး ဘရိုင်ယန်က 'သွားသာ သွား။ လုပ်ချင်တာ သာ လုပ်၊ ညီမလေး' ဟု ဆိုကာ ၈၅ ဒေါ်လာ ထည့်ထားသော ပလတ်စတစ် အိတ်တစ်လုံး ပေးလိုက်သည်။ နယူးယောက်ကို ရောက်တော့ ရှိစ်မေရီခမျာ ကိုယ့်ဒူးကိုယ်ချွန်၍ ဤသို့ ဇွတ်တရွတ် ထွက်လာခဲ့ခြင်းကြောင့် မိဘများ စိတ်ဆင်းရဲအောင် လုပ်ခဲ့သလို ဖြစ်နေပြီလားဟု အပြစ်ရှိသလိုလို သောက မကင်း ဖြစ်နေရှာသည်။ ဟတ်ချ်က သူမကို လက်ဖက်ရည် ခေါ်တိုက်ရင်း မိဘနှင့် သားသမီး ဆိုသည်မှာ နောက်ဆုံးတော့လည်း ကိုယ့်လမ်းကိုယ်သာ လျှောက်ရမှာမို့ ဤသို့ ခွဲခွာရခြင်းကိုပင် ဝမ်းသာရမှာဖြစ်ကြောင်း အားပေး စကား ပြောရသည်။

ဟတ်ချ်သည် ရှိစ်မေရီနှင့် ဂိုင်းတို့၏ တိုက်ခန်းတွင် ညစာ လာစားတတ် သလို သူ့အလှည့်တွင်လည်း သူတို့အား စားသောက်ဆိုင် တစ်ခုခုမှာ ပြန် ကျွေးတတ်သည်။ ဂိုင်းက ဟတ်ချ်နှင့် ဆက်ဆံရသည်မှာ အနည်းငယ် ပျင်း ဖို့ ကောင်းသည်ဟု ထင်သော်လည်း ဟတ်ချ်၏ မိန်းမက ပြဇာတ်ဆရာ တားရန့်စ်ရက်တီဂန်နှင့် မောင်နှမဝမ်းကွဲ တော်စပ်သဖြင့် ရေရှည်ကို ကြည့် ကာ လိုက်လိုက်လှဲလှဲတော့ ပြောဆိုတတ်သည်။

တိုက်ခန်းကို ကြည့်ပြီးနောက် ကြာသပတေးနေ့တွင် ရှိစ်မေရီနှင့် ဂိုင်းတို့ က ဟတ်ချ်နှင့်အတူ နှစ်ဆယ့်သုံးလမ်းရှိ ဂျာမန် စားသောက်ဆိုင်လေး တစ် ခုမှာ ညစာ စားဖြစ်သည်။ အင်္ဂါနေ့ ညနေက မစ္စက်ကောတက်ဇ်နှင့် ဆုံ ကြရာတွင် စာချုပ်မှာ ပါရမည့် အသိ သက်သေတစ်ဦး နေရာ၌ ဟတ်ချ၏ နာမည်ကို ထည့်ထားခဲ့ကြောင်း သူတို့က ပြောပြသည်။ မစ္စက်ကောတ က်ဇ်ဆီမှ ရောက်လာသည့် စုံစမ်းမေးမြန်းသည့် စာကိုလည်း ဟတ်ချ်က

ဟုတ်မှန်ကြောင်း ပြန်ဖြေခဲ့ပြီး ဖြစ်သည်။

"ဦး တစ်ခုလောက် မေးကြည့်မယ်နော်။ မင်းတို့ မူးယစ်ဆေးတွေ ဘာတွေ များ သုံးတတ်သလား။ ဒါမှမဟုတ် တွေ့ကရာ နေရာ အမှိုက်ပစ်တာတို့ ဘာတို့ လုပ်တတ်သလား။ ဒါမှမဟုတ် အဲဒီလို လုပ်တတ်တဲ့သူတွေ ဘာတွေကို ရွံတာမျိုး ရှိလား"

လင်မယား နှစ်ယောက်က ဘာဖြစ်လို့လဲဟု မေးကြသည်။ ဟတ်ချ်က ပေါင်မုန့်လိပ် တစ်ခုကို ထောပတ်သုတ်ရင်း

"သမီးတို့ သိလား၊ မသိလားတော့ ဦး မသိဘူး။ ဒါပေမဲ့ အခု ရာစုနှစ် အစောပိုင်းမှာတော့ ဘရမ်းဖို့ထ်ရဲ့ နာမည်ကို ကြားရတာ သိပ်တော့ စိတ်ချမ်းသာစရာ မကောင်းဘူး" ဟု ပြောလိုက်သည်။

ဟတ်ချ် မော့ကြည့်လိုက်တော့ ရို့စ်မေရီတို့က ဘာမှ နားလည်ပုံ မရသဖြင့် ဆက်ပြောပြရသည်။

"ဘရမ်းဖို့ထ်ဟာ ဆွဲဆောင်မှု ကျသွားတယ်လို့ ပြောရမယ်။ ထရန့်တို့ ညီအစ်မတွေ အစားသောင်းကျန်းတာ၊ ကိသ်ကနေဒီ ပါတီလုပ်တာ၊ အေဒရီ ယန်မာကာတို့ နေသွားတာတို့ကြောင့်လည်း ပါတာပေါ့"

"ထရန့် ညီအစ်မဆိုတာ ဘယ်သူတွေလဲဗျ"

"အေဒရီယန်မာကာတို့ ဆိုတာကရော ဘယ်သူလဲဟင်"

ဂိုင်းရော ရို့စ်မေရီပါ ပြိုင်တူမေးကြသဖြင့် ဟတ်ချ်က

"ထရန့် ညီအစ်မဆိုတာ ဝိတိုရိယခေတ်က အခွင့်သာရင် လူသားစား တတ်တဲ့ မိန်းမတွေလေ။ ကလေးတွေ အတော်များများကို ချက်စားခဲ့တာ။ တူမအရင်း တစ်ယောက်တောင် ပါသေးဆိုပဲ။ အေဒရီယန်မာကာတို့ ကတော့ အောက်လမ်းပညာတွေ ကျင့်တာတဲ့။ ၁၈၉၀ ကျော်ကျော်မှာ စေ

တန်နတ်ဆိုးကို သူက အောက်လမ်းနည်းနဲ့ ဆင့်ခေါ်နိုင်တယ် ကြေညာလိုက်လို့ အတော်လေး အုတ်အော်သောင်းနင်း ဖြစ်ခဲ့တယ်။ ယုံအောင်ဆိုပြီး နတ်ဆိုးရဲ့အမွေး လက်တစ်ဆုပ်နဲ့ လက်သည်းတွေတောင် ပြလိုက်သေးသတဲ့။ သူ့ကို လူတွေ အုပ်လိုက်ကြီး ဝိုင်းသမလို့ ဘရမ်းဖို့ထ် ဖြေ့သည် ခန်းထဲမယ် သေမလို ဖြစ်သွားတယ်ဆိုပဲ" ဟု ပြောပြသည်။

"ဟတ်ချ်ကလည်း နောက်နေပြန်ပြီ"

"တကယ်အတည် ပြောတာ။ နှစ်အနည်းငယ် ကြာတော့ ကိသ်ကနေဒီက သူ့လုပ်ငန်းကို စပါလေရော။ တိုက်ခန်းထဲမှာ နေတဲ့သူ တစ်ဝက်လောက် ပြုတ်သွားတယ်လေ"

"ကိသ်ကနေ ဒီအကြောင်းတော့ ကျွန်တော် သိတယ်။ ဒါပေမဲ့ အေဒရီယန် မာကာတို နေသွားတာကို မသိဘူး"

ရိုစ်မေရီက တုန်ခနဲ ဖြစ်သွားကာ

"ဟိုညီအစ်မကိုရောပဲ" ဟု ပြောသည်။

စားပွဲထိုးက အစာပိတ်အနေဖြင့် သစ်သီးပွဲ လာချသည်။ ဟတ်ချ်က

"အဲဒီ အဆောက်အဦးကြီးက ဒုတိယ ကမ္ဘာစစ်တုန်းကသာ နေတဲ့လူတွေနဲ့ ပြန်ပြည့်လာတာ။ အခုတော့ ရှေးဟောင်း အမွေအနှစ်လို့ ဆိုရမယ့် အဆောက်အဦးအိုကြီး ဖြစ်နေပါပြီ။ နှစ်ဆယ်ရာစုမှာတော့ ဘရမ်းဖို့ထ်ဆိုရင် နာမည်ဆိုးနဲ့ပဲ သိကြတော့တယ်။ အယူသီးတဲ့ လူတွေကတော့ ရှောင်ကြတာပဲ။ ဖရဲသီး စားဦးလေ ရိုစ်မေရီရဲ့" ဟု ပြောသည်။

ရိုစ်မေရီက 'ဘယ်လိုလုပ်ကြမလဲ' ဟူသော သဘောဖြင့် ဂိုင်းကို ကြည့်သော်လည်း သူက 'ဘာမှ မဟုတ်ပါဘူး။ သူ ခြောက်တိုင်း ကြောက်မနေနဲ့' ဟူသော အထာဖြင့် ခေါင်းခါပြသည်။ ဟတ်ချ်က

"ဘရမ်းဖို့ထ်ဟာ နှစ်ပေါင်းများစွာ ကြာခဲ့တာတောင် အရုပ်ဆိုးတဲ့ အဖြစ်တွေ ရှိတုန်းပဲ။ ၁၉၅၉ ခုနှစ်မှာ သတင်းစာနဲ့ ပတ်ထားတဲ့ မွေးကင်းစကလေးအလောင်းကို မြေတိုက်ထဲမှာ တွေ့တယ်တဲ့" ဟု ပြောသည်။ ရှိစ်မေရီက

"အဖြစ်ဆိုးတွေကတော့ အဆောက်အဦးတိုင်းမှာ တစ်ခါတလေ ဖြစ်တတ်ကြတာပဲ မဟုတ်လား" ဟု ပြောသည်။

"ဖြစ်တတ်တယ် ဟုတ်လား၊ အင်း...။ ဖြစ်တတ်တယ် ဆိုရင်တောင် ဘရမ်းဖို့ထ်ဟာ တခြား ဟာတွေထက် ပိုပြီး မကြာခဏ ဖြစ်တတ်တယ်။ အရင်လို ဟော့ဟော့ရမ်းရမ်း ဖြစ်တာမျိုး နည်းသွားတာပဲ ရှိတာ။ ဥပမာကွာ...။ သူနဲ့ အရွယ်အစား၊ သက်တမ်းချင်း ယှဉ်လို့ ရတဲ့ အဆောက်အဦးတွေထက်ကို လူသေနှုန်း ပိုများတယ်"

ဂိုင်းက အတည်ကြီး စိတ်ပူလာဟန်ဖြင့်

"ဘာကို ပြောချင်တာလဲ ဟတ်ချ်ရဲ့။ ရှင်းရှင်း ပြောပါ" ဟု ဆိုသည်။

ဟတ်ချ်က သူ့ကို တခဏ စိုက်ကြည့်ကာ

"ဘာပြောရမလဲ မသိဘူး။ ဧကန္တ ထရန့်ညီအစ်မရဲ့ မကောင်းသတင်းက အေဒရီယန်မာကာတိုကို ဆွဲဆောင်တာ ဖြစ်မယ်။ တစ်ခါ အေဒရီယန်ကနေ ကိသ်ကနေဒီ၊ အမတေရှိရာ အမတေလာ ဆိုပေမဲ့ အခုဟာကတော့ မကောင်းတဲ့ စရိုက်မျိုးမှာ သူ့ထက်ကဲ ပိုဆိုးတဲ့ လူတွေချည်း လာလာစုနေပုံပဲ။ သံလိုက်ဆွဲအားတွေ၊ အီလက်ထရွန်တွေ အကြောင်း ဦးတို့ မသိတာလည်း ဖြစ်ချင် ဖြစ်မယ်။ ဒါမှမဟုတ် ဒီနေရာကိုက လူတွေကို ခိုက်နေတာမျိုးလည်း ဖြစ်နိုင်တာပဲ။ ဒီနေရာမှာတော့ ဘရမ်းဖို့ထ်ဟာ တခြားဟာတွေနဲ့ ယှဉ်မရအောင် ထူးခြားတာ ငါ အသိဆုံးပဲ။ လန်ဒန်မြို့ ပရေးအက်ထ်လမ်းမှာ အနှစ်ခြောက်ဆယ်အတွင်း ရက်စက်တဲ့ လူသတ်မှု

ငါးကြိမ်တိတိ ဖြစ်ခဲ့တဲ့ အိမ်တစ်လုံး ရှိတယ်။ ငါးမှုလုံးဟာ တစ်ခုနဲ့ တစ်ခု အဆက်အစပ် မရှိသလို အသတ်ခံရသူတွေကလည်း တစ်ယောက်နဲ့ တစ်ယောက် ဘာမှ မတော်စပ်ကြဘူး။ လူသတ်မှုဖြစ်တဲ့ အကြောင်းအရာချင်းကလည်း မတူကြပြန်ဘူး။ ဒါပေမဲ့ အနှစ်ခြောက်ဆယ် အတွင်းမှာ ဒီတစ်အိမ်တည်းတင် အချိန်ကာလပဲ ခြားပြီး ရက်ရက်စက်စက် သတ်တဲ့ လူသတ်မှုငါးခု ဖြစ်ခဲ့တာ အမှန်ပဲ။ ၁၉၅၄ ခုနှစ်မှာတော့ ဘာအကြောင်းပြချက်မှ မည်မည်ရရ မရှိဘဲ အဲဒီအိမ်ကို ဖြိုပစ်လိုက်ကြတယ်။ ဘာကြောင့် ဒီလို လုပ်လိုက်တယ် ဆိုတာတော့ ဦးလည်း အခုထိ မသိဘူး" ဟု ပြောသည်။

ရှိစ်မေရီက ဖရဲသီးကို ဇွန်းနှင့် ကော်ခပ်ရင်း

"ကောင်းတဲ့ အိမ်တွေလည်း ရှိမှာပါ။ လူတွေ ချစ်ကြ၊ အိမ်ထောင်ပြုကြ၊ ကလေးယူကြတာတွေ လုပ်တဲ့ အိမ်မျိုးတွေလေ" ဟု ပြောသည်။ ဂိုင်းက

"အဲဒီလို အိမ်မျိုးမှာ နေပြီး အောင်မြင် ကျော်ကြားသွားတဲ့ သူတွေလည်း ရှိမှာပေ့ါ" ဟု ဝင်ပြောသည်။ ဟတ်ချ်က သူတို့ကို ပြုံးပြကာ

"ရှိမှာပေ့ါကွယ်။ ဒါပေမဲ့ ဘရမ်းဖို့ထ်မှာတော့ အဲဒီလို တစ်ခါမှ မကြားဖူးလို့ပါ။ ပုပ်လို့ ပေါ်၊ ဟုတ်လို့ ကျော်ဆိုတဲ့ စကားပုံလည်း ရှိတယ် မဟုတ်လား။ မင်းတို့နှစ်ယောက် အနေနဲ့ ဘရမ်းဖို့ထ်အစား တခြားကောင်းတဲ့ အိမ်ကိုသာ ရှာစေချင်တာပါပဲ" ဟု ပြောလိုက်သည်။

ဟတ်ချ်စကားကြောင့် ဖရဲသီး ခပ်ထားသော ဇွန်းကို ပါးစပ်ထဲ ထည့်တော့မည့် ရှိစ်မေရီ၏ လက်မှာ လေထဲတွင် ရပ်တန့်သွားသည်။ သူမက

"မေတို့ကို အဲဒီကနေ ပြောင်းဖို့ တကယ် အတည်ကြီး ပြောနေတာလား ဟင်" ဟု မေးသည်။ ဟတ်ချ်က

"သမီးရယ်...။ ဦးလေ သိပ်လှတဲ့ မိန်းမတစ်ယောက်နဲ့ ဒီညနေ တွေ့ဖို့ ချိန်းထားပေမဲ့ သမီးတို့ကို တွေ့ချင်လို့ တမင် ဖျက်လာခဲ့တာ။ အင်း...။ အမှန်အတိုင်း ပြောရရင်တော့ အဲဒီကနေ ပြောင်းဖို့ ပြောကြည့်တာပါပဲ" ဟု ပြောသည်။ ဂိုင်းက

"ဟာဗျာ ဟတ်ချ်ကလည်း..." ဟု ရေရွတ်သည်။

"ဘရမ်းဖို့ထ်ထဲ ဝင်သွားတာနဲ့ တစ်ခုခု ဖြစ်လိမ့်မယ်လို့ ပြောနေတာ မဟုတ်ဘူးနော်။ အဲဒီမှာ ဖြစ်ခဲ့တဲ့ သမိုင်းကြောင်းကိုပဲ ပြောပြတာ။ ဒီဈေးနဲ့ဆို သင့်တင့်တဲ့ တခြား နေရာကောင်းတွေ စဉ်းစားလို့ ရပါတယ်။ အန္တရာယ်ရှိမှန်း သိရက်နဲ့တော့ ဘာလို့ တမင် ဝင်တိုးမလဲကွယ်။ ၁၉ ရာစုကလို ခမ်းနား ထည်ဝါတဲ့ပုံစံ လိုချင်ရင် ဒါကိုတာတို့၊ အော့စ်ဘွန်းတို့လို အဆောက်အဦးတွေကို သွားပါလေ့"

"ဒါကိုတာက သူတို့လူ အချင်းချင်းပဲ လက်ခံတာ။ အော့စ်ဘွန်းကလည်း ဖြိုချတော့မှာ"

"တဆိတ် ပုံကြီးချဲ့ရာ မကျလွန်းဘူးလား ဟတ်ချ်ရယ်။ မြေတိုက်ထဲက ကလေးအပြင် ပြီးခဲ့တဲ့ နှစ်တွေမှာရော အဖြစ်ဆိုးတွေ ရှိခဲ့သေးလို့လားဗျ"

"ပြီးခဲ့တဲ့ ဆောင်းတွင်းမှာ ဓာတ်လှေကား မောင်းတဲ့သူ သေသွားတယ်။ မတော်တဆ ဖြစ်တာမျိုး မဟုတ်ဘူးနော်။ ဒီနေ့ နေ့ခင်းတုန်းက စာကြည့်တိုက်ကို သွားပြီး တိုင်းမ်မဂ္ဂဇင်းရဲ့ အညွှန်းတွေမှာ ဘရမ်းဖို့ထ်အကြောင်း အကုန် လိုက်ဖတ်ကြည့်ခဲ့တယ်။ ဟိုးတုန်းက သတင်းစာတွေကိုပါ လိုက်ဖတ်တာ သုံးနာရီ ကြာတယ်။ ကဲ ဘာများ ထပ်သိချင်သေးလဲ"

ရှိစ်မေရီက ဂိုင်းကို လှမ်းကြည့်တော့ သူက ခက်ရင်းကို ချကာ ပါးစပ်ကို လက်ကိုင်ပဝါဖြင့် သုတ်ရင်း

"အဲဒါတော့ ကြောင်တာပဲ။ ဟုတ်ပါပြီ၊ အဖြစ်ဆိုးတွေ ဖြစ်ခဲ့တယ် ထားပါ။ အဲဒါက နောက်ထပ် ဖြစ်ဦးမယ်လို့ ဆိုလိုတာမှ မဟုတ်ဘဲ။ ဘရမ်းဖို့ထ်ဟာ မြို့ထဲက တခြား အိမ်တွေထက် ပိုပြီး အန္တရာယ် ရှိနေတယ်လို့ ကျွန်တော် မမြင်ပါဘူး။ အကြွေစေ့ကို ခေါင်းပန်းလှန်လို့ ငါးကြိမ်လုံး ခေါင်းကျရင်တောင် နောက်ငါးကြိမ် ခေါင်းပန်းလှန်လည်း ခေါင်းချည်း ကျမယ်လို့ တရားသေ တွက်လို့မှ မရဘဲ။ ဒါဟာ အကြွေစေ့ချင်း မတူလို့လည်း မဟုတ်ဘူး၊ တိုက်ဆိုင်မှုပဲ။ ဒါပါပဲ" ဟု ပြောသည်။ ရှိစ်မေရီက

"တကယ်ပဲ တစ်ခုခု မှားနေရင်တောင် ဘရမ်းဖို့ထ်ဟာ လန်ဒန်မြို့က တခြား အဆောက်အဦးတွေလို ဖြိုချခံရမယ့် စာရင်းထဲ ပါမှာ မဟုတ်ဘူး" ဟု ပြောသည်။ ဟတ်ချ်က

"လန်ဒန်က ခုနက အိမ်ကို အဲဒီမှာ နောက်ဆုံး အသတ်ခံရတဲ့ ဘုန်းကြီးတစ်ပါးရဲ့ မိသားစုက ပိုင်တာ။ ဘရမ်းဖို့ထ်ကိုတော့ သူ့ဘေးက ဘုရားကျောင်းက ပိုင်တယ်" ဟု ပြောသည်။ ဂိုင်းက

"တွေ့တယ် မဟုတ်လား။ ကျွန်တော်တို့က ဘုရားသခင်ရဲ့ အရိပ်အောက်မှာ ရှိတယ်" ဟု ပြောသည်။ ဟတ်ချ်က

"အဲဒါနဲ့မှ မဆိုင်တာ" ဟု ပြောလိုက်စဉ် စားပွဲထိုးက ပန်းကန်ပြားများ ပြန်လာယူသွားသည်။

"ဘုရားကျောင်းက ပိုင်မှန်း မေမသိပါလား"

"ပိုင်အိုမင် အဆောက်အဦးကိုရော သွားကြည့်ပြီးပြီလား။ ငါ့အထင် အဲဒီ တစ်လမ်းတည်းမှာပဲနဲ့ တူတယ်"

"ဟတ်ချ်ရယ်…။ မေတို့ နေရာတကာ လိုက်ကြည့်ပြီးပါပြီ။ တကယ်ပြောတာ။ ဓာတ်လှေကားမှာ ကင်မရာ တပ်ထားတဲ့ လေးထောင့်စပ်စပ် တိုက်

တွေက လွဲလို့ ဘာမှ မရှိဘူး"

ဟတ်ချ်က သူတို့ကို ခဏလောက် စိုက်ကြည့်ကာ ခုံကို ကျောမှီထိုင်လိုက်ပြီး စားပွဲပေါ်သို့ လက်ဖဝါးနှစ်ဖက် ဖြန့်တင်ကာ

"ကဲလေ၊ တော်လောက်ပါပြီ။ ဒီကိစ္စကို ဦးကပဲ စပြောမိလို့ ဒီလောက်နဲ့ပဲ လက်စသတ်လိုက်ရအောင်။ ဦးကိုကပဲ စိတ်ပူလွန်းတာ ဖြစ်မှာပါ။ ဒါကိုတော့ ခွင့်လွှတ်ကွယ်။ ဒီနေ့က စပြီး ဦးပါးစပ်ကို ပိတ်ထားလိုက်တော့မယ်။ သမီးတို့ အိမ်တံခါးကိုလည်း ဦးပဲ မင်းတုပ် တပ်ပေးပါ့မယ်" ဟု ပြောသည်။ ရှိစ်မေရီက ပြုံး၍

"တံခါးမှာ မင်းတုပ် တပ်ပြီးသား။ သံကြိုးနဲ့ ခတ်ရတဲ့ ချက်လည်း ပါတယ်။ လူချောင်းကြည့်တဲ့ အပေါက်လည်း ပါတယ်" ဟု ပြောသည်။

"ကဲ ဒါဆိုလည်း သုံးခုလုံးကိုတော့ သုံးပါကွယ်။ စကြံတစ်လျှောက်တွေ့ကရာ အခန်းတွေလည်း လိုက်မိတ်ဆက်မနေနဲ့ဦး။ အိုင်အိုဝါမြို့ ရောက်နေတာ မဟုတ်ဘူးနော်"

"အိုမာဟာမြို့ပါ ဟတ်ချ်ရဲ့"

***

တနင်္လာနေ့ ညနေတွင် ရှိစ်မေရီနှင့် ဂိုင်းတို့က ဘရမ်းဖို့ထ်ရှိ အခန်းနံပါတ် 7E ကို နှစ်နှစ်စာချုပ် ချုပ်လိုက်သည်။ မစ္စက်ကောတက်ဇ်ကို တစ်လစာ ကြိုတင်ငွေနှင့် လုံခြုံရေးခအဖြစ် ၅၈၃ ဒေါ်လာ ချက်လက်မှတ်ဖြင့် ပေးရသည်။ သူမက ဆန္ဒရှိလျှင် စက်တင်ဘာလ ပထမ အပတ်ထက်စော၍ ပြောင်းနေလိုက နေ၍ ရကြောင်း၊ အခန်းကို ရှင်းလင်းပြီးလျှင်

ဗုဒ္ဓဟူးနေ့ ၁၈ ရက်၌ ဆေးသုတ်သမားများ လာလိမ့်မည် ဖြစ်ကြောင်း ပြောသည်။ ထိုနေ့ နောက်ပိုင်းတွင် ယခင် အခန်းပိုင်ရှင်၏သား မာတင်ဂါဒန်းနီးယားမှ ဖုန်းဆက်သဖြင့် အင်္ဂါနေ့ ည ၈ နာရီတွင် တိုက်ခန်း၌ ဆုံကြရန် သဘောတူလိုက်ကြသည်။

အရပ်ရှည်ရှည်နှင့် မာတင်သည် အသက် ၆၀ ကျော် ရှိပြီး ပွင့်လင်းပျော်ရွှင်စွာ နေတတ်သူ ဖြစ်ကြောင်း တွေ့ရသည်။ သူက ရောင်းချင်သည့် ပစ္စည်းများကို လက်ညှိုးထိုးပြီး ဈေးပြောသည်။ သူပြောသည့် ဈေးနှုန်းများက အဖိုးနည်းလှသဖြင့် တော်တော်တန်သည်။ ရှိစ်မေရီနှင့် ဂိုင်းက ခေါင်းချင်းဆိုင် တိုင်ပင်ကာ လေအေးပေးစက် နှစ်လုံး၊ ခုံရှည်တစ်လုံး အပါအဝင် အလှပြင်ဆက်တီ တစ်စုံ၊ ဧည့်ခန်းမှာ ခင်းထားသည့် ပါရှန်းကော်ဇော၊ မီးဆွသည့် သံချောင်းများ၊ မီးလင်းဖိုအကာနှင့် အခြား ကိရိယာတန်ဆာပလာများ ဝယ်လိုက်ကြသည်။ ရောင်းသည့် အထဲတွင် သစ်နက်သား စာရေးခုံကြီး မပါတာတော့ ဘဝင်မကျစရာ ဖြစ်သည်။

ဂိုင်းက ချက်လက်မှတ် ရေးကာ ရှင်းလင်းရေး၌ ချန်ထားခဲ့ရမည့် ပစ္စည်းများကို စာလိုက်ကပ်နေစဉ် ရှိစ်မေရီက ဧည့်ခန်းနှင့် အိပ်ခန်းကို မနက်တုန်းက ဝယ်လာသည့် ခြောက်ပေရှည်သော ခေါက်ပေတံ တစ်ချောင်းဖြင့် လိုက်တိုင်းကြည့်သည်။

ပြီးခဲ့သည့် မတ်လက နေ့ခင်းဘက် ပြသည့် 'နောက်ဘဝ' အမည်ရှိ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွင် ဂိုင်းက ပါဝင် သရုပ်ဆောင်ထားသည်။ နောက်သုံးရက်တွင် ထိုဇာတ်ရုပ် ပြန်ပါလာမည် ဖြစ်၍ ကျန်ရက်သတ္တပတ်လုံး ဂိုင်း အလုပ်များသွားသည်။ ရှိစ်မေရီကတော့ အခန်းသစ်ကို ပြင်ဆင်ရန် စုဆောင်းစရာ ရှိသည်များအား ရှာရင်းဖွေရင်း ပန်းပုသင်တန်းချိန်လွတ်သွားသလို သွားဆရာဝန်နှင့် ချိန်းထားသည်ကိုလည်း ပျော်ပျော်ကြီး

ဖျက်ပစ်လိုက်သည်။

သောကြာနေ့ ညနေမှာတော့ အခန်းကို သူတို့ ပိုင်သွားခဲ့လေသည်။ မာတင့်ဆီမှ ဝယ်ခဲ့သည့် လေအေးပေးစက်၊ ကော်ဇောအခင်း၊ အလှပြင်ခုံသာမက မူလအတိုင်း ပါဝင်သော ရေချိုးဇလုံ၊ တံခါးလက်ကိုင်ဘု၊ မီးဖို၊ ရေခဲသေတ္တာ၊ ပြတင်းပေါက်ကအစ ကြည့်မဝ ရှုမဝ ဖြစ်နေသည်။ သူတို့က ဆိုဖာခုံတစ်လုံး၊ နှစ်ယောက်အိပ် ခုတင်ကြီးတစ်လုံး၊ မီးဖိုချောင်သုံး စားပွဲခုံ တစ်လုံးနှင့် ကုလားထိုင်နှစ်လုံး ထပ်ဝယ်လိုက်သည်။ ကော်ဇောပေါ်တွင် ထိုင်၍ တူနာဆင်းဒ်ဝှစ်ချ် စားလိုက်၊ ဘီယာ သောက်လိုက်ဖြင့် အခန်းလေးခန်း နေရာချထားရေး စီမံကိန်းကို ရေးဆွဲကြသည်။ ထို့နောက် မီးအိမ်ကို မှိတ်၍ ညရိပ်ရောင် ဖြာကျနေသည့် ကော်ဇောပေါ်မှာပင် ချစ်ရည်လူးကြသည်။

တစ်ခါက်မှာ ဂိုင်းက မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ကြောက်လန့်တကြား

"ရှူး… တိုးတိုး…။ ထရန့် ညီအစ်မတွေ တစ်ခုခု ဝါးနေတဲ့အသံ ကိုယ်ကြားရတယ်" ဟု နောက်ပြောင်သဖြင့် ရိုစ်မေရီက သူ့ခေါင်းကို ခပ်ပြင်းပြင်းလေး ခေါက်ထည့်လိုက်သည်။

ဗုဒ္ဓဟူးနေ့ ၁၈ ရက်၌ ဆေးသုတ်သမားများ ရောက်လာကာ ချေးချွတ်ခြင်း၊ အချောကိုင်ခြင်း၊ အောက်ခံဆေး သုတ်ခြင်း၊ ရိုစ်မေရီ နမူနာ ပေးထားသော အရောင်အတိုင်း ဆေးသုတ်၍ လက်စသတ်ခြင်းတို့ကို လုပ်လေရာ သောကြာနေ့ ၂၀ ရက်တွင် ပြီးစီးသွားသည်။ အိပ်ခန်းနံရံအား အလှဆင်စက္ကူကပ်သည့်လူကမူ တစ်ဦးတည်း လာလုပ်ရသဖြင့် တညည်းညည်း တညူညူ ဖြစ်နေသည်။

တံခါးနှစ်ချပ်ပါ အဝတ်ဗီရိုတစ်လုံး၊ အသံချဲ့စက် ကိရိယာများ၊ ထမင်းစားပွဲခုံ တစ်လုံးနှင့် ပန်းကန်ခွက်ယောက် အသစ်များ ဝယ်သည်။ ဂိုင်းပါဝင်သ

ည့် အန်နဆင် ဆေးကြော်ငြာက တီဗီမှာ ခဏခဏ ထုတ်လွှင့်ရသဖြင့် ဒေါ်လာ ၁၈၀၀၀ ရထားသောကြောင့် သူတို့လက်ထဲမှာ ငွေပေါ်နေသည်။ ကြိုးဖုန်းတစ်လုံးလည်း တပ်လိုက်ပြီး မွန်ထရီရယ်မြို့က ဂိုင်း၏ အမေဆီ လှမ်းဆက်သည်။

 ဩဂုတ်လ ၂၇ ရက် သောကြာနေ့တွင် ဘရမ်းဖို့ထ် တိုက်ခန်းသို့ သူတို့ ပြောင်းလာခဲ့သည်။ ဂျူအန်းနှင့် ဒစ်ဂျယ်လ်ကိုတို့ စုံတွဲက အပင်စိုက်ထား သော ပန်းအိုးတစ်လုံး ပို့လိုက်သည်။ ဂိုင်း၏ အေးဂျင့်ကလည်း ပန်းအိုး အသေးတစ်လုံး ပို့သည်။ ဟတ်ချ်က ကြေးနန်းစာ တစ်စောင် လှမ်းပို့သည်။

 'မေနဲ့ ဂိုင်းတို့ ရောက်လာတာနဲ့ ဘရမ်းဖို့ထ်ဟာ သာယာချမ်းမြေ့တဲ့ အဆောက်အဦးကြီးအဖြစ် ပြောင်းလဲလာမှာပါကွယ်'တဲ့။

***